# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၃၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၅-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့ အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၅ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၃၈ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၈၇ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ၈၇ ဦးအနက် ၅၉ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၂) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၄ ရက်၊

(၃) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၄) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၅) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၄ ရက်၊

(၆) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁ ရက်၊

(၇) ပူတာအိုဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၈) ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း ခွင့် ၁ ရက်၊

(၉) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၄ ရက်၊

(၁၀) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၁ ရက်၊

(၁၁) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၄ ရက်၊

(၁၂) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၄ ရက်၊

(၁၃) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၄ ရက်၊

(၁၄) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၁၅) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၄ ရက်၊

(၁၆) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၄ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင် ခွင့် ၁ ရက်၊

(၁၈) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်၊

(၁၉) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၂၀) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းဝင်း(ခ)ဦးထွန်းဆာ ခွင့် ၁ ရက်၊

(၂၁) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်(ခ)ဦးစိုင်းဟပ် ခွင့် ၁ ရက်၊

(၂၂) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၂၃) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၁ ရက်၊

(၂၄) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၂၅) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၄ ရက်၊

(၂၆) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၂၇) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်နှင့်

(၂၈) ဒဂုံမြို့သစ်ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။

**တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့်ဒေသများတွင် ကိုးကွယ်သည့်ဘာသာနှင့် လူဦးရေကိုတွဲ၍ဖော်ပြရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဂါရဝပြုလျက် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အန္တရာယ်ကင်းကြပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၈ မှာ လွတ်လပ်သော ဘာသာရေးကိုးကွယ်မှုနှင့် ကူညီထောက်ပံ့ရန်ပါရှိပါတယ်။ မြန်မာနိုင်ငံတွင် အကြမ်းဖျင်း ဘာသာ ၄ မျိုးရှိရာ လွတ်လပ်စွာကိုးကွယ်လာခဲ့ကြသည့်အပြင် အတူနေယှဉ်တွဲပြီးတော့ ငြိမ်းချမ်းစွာနေထိုင်လာကြပါတယ်။ ၂၀၁၂ ခု နောက်ပိုင်း ရခိုင်တိုင်းရင်းသားဒေသခံများနှင့် ဘင်္ဂါလီတို့ ပဋိပက္ခဖြစ်ပြီး နောက်ပိုင်းတွင် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုဟာ အနည်းငယ်ပျက်ပြားခဲ့ပါတယ်။ ယခုအချိန်ထိ ရခိုင်ပြည်နယ်တွင် တည်ငြိမ်မှုမရှိဘဲ အေးချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရန် နိုင်ငံတော်မှ တရားဥပဒေအရ ဒေသခံတို့မှ ကြိုးစားဆောင်ရွက်သော်လည်း နိုင်ငံခြား တိုင်းပြည်တချို့မှ ထိုဘာသာတူတို့ နည်းမျိုးစုံဖြင့် မဆီမဆိုင်ဝင်ရောက်ပြီး စွက်ဖက်နေသည်ကိုတွေ့ရပါတယ်။ ကမ္ဘာတွင် အထွတ်အထိပ် ကုလသမဂ္ဂကိုယ်စားလှယ်ပင်ဘက်လိုက်ပြီး ဆောင်ရွက်နေသည်ကိုလည်း တွေ့ရပါတယ်။ ပြည်တွင်းမှာရှိတဲ့ ဘင်္ဂါလီများရောင့်တက်ပြီး နိုင်ငံတော်ကိုသစ္စာမစောင့်ဘဲ လုံခြုံရေးကိုမထီမဲ့မြင်ပြုလုပ်လာကြပါတယ်။ မင်းမဲ့စရိုက်ဆန်ပြီး အစိုးရပိုင်ရဲစခန်းများကို မီးရှို့သည်အထိ ဖျက်ဆီးလာကြပါတယ်။ နိုင်ငံရဲ့အတွင်းမှာ ညွှန်ကြားချက်အတိုင်း မြန်မာနိုင်ငံကို ကျူးကျော်လုယူမည့်အစီအစဉ်ကို လုပ်ဆောင်လာစေပြီး တာလီဘန်များကို လက်ခံယူထား၍ နိုင်ငံတော်ကို ပုန်ကန်လာကြပါတယ်။ ရခိုင်များက ဘာသာရေးအရ အတူယှဉ်တွဲနေထိုင်ရန် ကြိုးစားသော်လည်း သူတို့မှာ လူမျိုးနဲ့ဘာသာရေးကို ရှေ့တန်းတင်၍ နိုင်ငံခြားပယောဂဝင်ကာ ဆက်လက်အကြမ်းဖက်နေပါတယ်။ အေးချမ်းမှုကို မည်သည့်အခါမျှရမည်မဟုတ်ပါ။ နိုင်ငံခြားက ဝင်/ထွက်နေသရွေ့ အေးချမ်းမှုမရပါ။ ဖြစ်ပျက်ခဲ့သော သင်ခန်းစာများကိုယူ၍ ထိန်းသိမ်းနိုင်ရန် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းမကောက်ခင် ဥပမာ ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ရခိုင်ဒေသခံနှင့် ဗမာ၊ အစ္စလာမ်ကိုးကွယ်သူ ဘင်္ဂါလီနဲ့ ကမန်၊ ခရစ်ယာန်ကိုးကွယ်သူ ချင်းတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာကိုးကွယ်သူ၊ နတ်ကိုးကွယ်သူတို့ကို လူမျိုးနှင့် ကိုးကွယ်သူတို့ကိုတွဲပြီး ဦးရေနှင့်ပြသရန် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများတွင် ဘာသာလေးမျိုး၏ကိုးကွယ်သော ဘာသာနှင့် လူမျိုးစာရင်းကိုတွဲ၍ သိရှိနိုင်ရန်အရေးကြီးလာပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်

မေးခွန်းနှစ်ခုမေးလိုပါတယ်။ နံပါတ်(၁) တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စီရင်စုနှင့် ဒေသအတွင်း ကိုးကွယ်သည့်ဘာသာနှင့်လူမျိုး တွဲ၍ဖော်ပြပါရန် အစီအစဉ်ရှိပါသလား။ နံပါတ်(၂) အစီအစဉ်ရှိပါက ဗဟုသုတအဖြစ် မှတ်တမ်းတင်ရင် သန်းခေါင်စာရင်း မပြုလုပ်မီ ဖော်ပြပါ မည်လား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ညို မေးတဲ့မေးခွန်းကောင်းပါတယ်။ သို့ရာတွင် အသုံးအနှုန်းနဲ့ ပတ်သက်လို့ ဦးမောင်ညိုအပါအဝင် ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များ သတိပြုဆင်ခြင်ဖို့ လိုပါတယ်။ ဒုတိယအပိုဒ်၊ တတိယအပိုဒ်အစမှာ တချို့မတိကျမရေရာတဲ့ကိစ္စတွေကို ဖော်ပြခြင်းအား ဖြင့် မိမိတို့မြန်မာနိုင်ငံက ကျင့်သုံးနေတဲ့ နိုင်ငံခြားရေးမူဝါဒကို ထိခိုက်နိုင်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များ မေးခွန်းမေးတဲ့နေရာမှာ၊ ဆွေးနွေးတဲ့နေရာမှာ မြန်မာနိုင်ငံခြားရေးမူဝါဒကို မထိခိုက်စေအောင်၊ မိမိတို့လွှတ်တော်ရဲ့ဂုဏ်သိက္ခာကိုမထိခိုက်စေအောင် ဆောင်ရွက်ဖို့လိုကြောင်း သတိပေး ပြောကြားလိုပါတယ်။ ဘယ်စကားလုံးဆိုတာတော့ ကျွန်တော် အတိအကျထပ်ဖော်ပြလို့ ရှိရင် အဓိပ္ပာယ်တစ်မျိုးထပ်ဖြစ်မှာဖြစ်တဲ့အတွက် ဒါဆိုအားလုံးနားလည်မယ်လို့ ကျွန်တော် ယူဆပါ တယ်။ ဒါ့ကြောင့် ဒီမေးခွန်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနက မိမိတို့ နိုင်ငံရဲ့မူဝါဒကို မထိခိုက်စေဘဲ၊ မိမိတို့အစိုးရရဲ့ ဂုဏ်သိက္ခာကိုမထိခိုက်စေဘဲ မှန်ကန်တည့်မတ်စွာ ပြန်လည်ဖြေကြားပေးဖို့လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးဖြေကြားပေးပါ။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည် တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့် ဒေသများတွင် ကိုးကွယ်သည့်ဘာသာနှင့် လူဦးရေကိုတွဲ၍ဖော်ပြရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက ဗဟုသုတအဖြစ် မှတ်တမ်းတင်ရန် သန်းခေါင်စာရင်း မပြုစုမီဖော်ပြနိုင်ပါမည်

လားနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါ ရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်လုံး ကျွတ်သန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့ပြီးတော့မှ ငါးနှစ်တစ်ကြိမ် လူဦးရေစစ်တမ်းများကောက်ယူ၍ ခန့်မှန်းလူဦးရေစာရင်းများကို ပြုစုဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်စီရင်စုနှင့် ဒေသများတွင် ကိုးကွယ်သည့်ဘာသာ အလိုက် လူဦးရေကို ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူပြီးစီးမှသာ တိကျစွာ ထုတ်ပြန် နိုင်မည်ဖြစ်ပါတယ်။ သန်းခေါင်စာရင်း မေးခွန်းပုံစံ စာတိုင် ၇ တွင် လူတစ်ဦးချင်းစီအတွက် ကိုးကွယ်သည့်ဘာသာကို မေးမြန်းထားပါသဖြင့် ကိုးကွယ်သည့် ဘာသာအလိုက်လူဦးရေကို တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်၊ မြို့နယ်အဆင့်အထိ ရရှိနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေကို ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်းမကောက်ယူမီ ထုတ်ပြန်မည် ဆိုပါက တိကျမှန်ကန်သည့် ကိန်းဂဏန်းများ ရရှိရန်ခက်ခဲသဖြင့် မလိုလားအပ်သောပြဿနာများ ဖြစ်ပွားနိုင်သောကြောင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ် အကြောင်းအရသန်းခေါင် စာရင်းကောက်ယူပြီးမှသာ ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေစာရင်း အား မှန်ကန်တိကျစွာ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**မြန်မာနိုင်ငံတွင် ခုတင်-၅၀ နှင့် ၂၅ ခုတင် မြို့နယ်ဆေးရုံ မည်မျှရှိ၍ လက်ထောက်ဆရာဝန်များအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း၊ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်၊ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ ယင်းမာပင် မဲဆန္ဒနယ်မှ ဦးသောင်းဟန်တို့က တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း စတင်မေးမြန်းနိုင်ပါပြီ။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့

ဧည့်သည်များအားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်က ဦးသန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ လက်ထောက်ဆရာဝန်များအတွက် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာကိစ္စနဲ့ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်အတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့သက်ဆိုင်ရာ မြို့နယ်နဲ့ပတ်သက်ပြီးတော့ ဆေးရုံများမှာ ဆရာဝန်များလိုအပ်ချက်၊ နောက်ခုတင်အဆင့်တိုးပေးဖို့၊ ဆေးရုံအဆင့်တိုးပေးဖို့ကိစ္စတွေကို များစွာ မေးမြန်းခဲ့ကြတာ ကြားသိနေကြတာဖြစ်ပါတယ်။ မေးမြန်းခဲ့တဲ့အပေါ်မှာလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားသွားတဲ့နေရာမှာ အဆင့်တိုးပေးရန်အစီအစဉ်ထက် လက်ရှိဆေးရုံတွေကိုစံကိုက်ဝန်ထမ်းခန့်ထားပေးဖို့ ဖြေကြားသွားခဲ့ရတာ ကတိကဝတ်အဖြေအနေနဲ့သိရှိရပါတယ်။ ဒီလိုခန့်ထားပေးမယ်ဆိုလို့ရှိရင်လည်း ဆေးရုံတိုင်းမှာ လက်ထောက်ဆရာဝန်များ ရရှိတော့မယ်ဖြစ်ကြောင်းသိရှိရသလို အစိုးရသစ်လက်ထက်မှာလည်းပဲ လက်ရှိခန့်ထားပြီးနှင့် ခန့်ထားရန်ဆောင်ရွက်ဆဲ တစ်ထောင်ကျော် ဆရာဝန်များ စီမံဆောင်ရွက်ထားပြီဆိုတာကို သိရှိရပါတယ်။ ဒီနေ့ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ ကျန်းမာရေးဘတ်ဂျက် လွှတ်တော်နှင့် အစိုးရကနေပြီးတော့ဟန်ချက်ညီညီ ပိုမိုသုံးစွဲခွင့်ပြုထားတာကြောင့် တိုင်းခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံ RHC နဲ့ SC အဆင့်ထိပါ ဆေး ဝါးများ၊ ဆေးကုသမှုနှင့် ဆေးဝါးများထုတ်ပေးမှုကို အခမဲ့အဆင့်လုပ်ပေးထားတာကိုနယ်မြေများမှာ ကျွန်တော်တို့ကွင်းဆင်းတဲ့အခါမှာ တွေ့ရှိရပါတယ်။ အနည်းဆုံး ဆေးဝါး ၁၂ မျိုးအထိကျေးရွာတွေကို ရောက်ရှိပြီဆိုတာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျေးလက်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ် များနှင့်အစိုးရကို ကျေးဇူးတင်ကြောင်း ပြည်သူ့အသံများ ကြားသိခဲ့ရပါတယ်။ ဒီနေ့ဘတ်ဂျက်ကို ပိုမိုသုံးစွဲခွင့်ရတဲ့အတွက် လူနာများအတွက် အခက်အခဲမရှိသလောက် အဆင်ပြေနေသော်လည်း ဆေးကုသပေးနေတဲ့ လက်ထောက်ဆရာဝန်များအတွက် အဆင့်နဲ့လျော်ညီတဲ့ ဝန်ထမ်းအိမ်ရာများ ဆေးရုံတိုင်းမှာ လိုအပ်လျက်ရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့မြို့နယ်မှာဆိုလို့ရှိရင် တောင်တွင်းကြီးမြို့နယ်မှာ ဆိုလို့ရှိရင် လွန်ခဲ့သော ၃၅ နှစ်က ဆောက်လုပ်ခဲ့တဲ့လက်ထောက်ဆရာဝန် နေအိမ်ဟာ လေဝင်လေထွက်မကောင်းခြင်း၊ အလင်းဝင်အားမရှိခြင်း၊ သန့်စင်ခန်းနှင့် စားဖိုခန်း၊ စားဖိုဆောင် စသည်ဖြင့် ခေတ်မမီတဲ့အပြင် တစ်ဦးတည်းနေရမှာကိုလက်ထောက်ဆရာဝန် ၂ ဦး၊ ၃ ဦး ရောက်လာခဲ့တဲ့အခါမှာ ထရံကန့်နေရတာတို့၊ သုံးထပ်သားကန့်ပြီးနေရတာတို့ထိအောင် ရှိနေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဘတ်ဂျက်သုံးစွဲတဲ့နေရာမှာ

ဟန်ချက်ညီညီသုံးစွဲနိုင်စေရန် ရည်ရွယ်ပြီးတော့ ကျွန်တော့်အနေနဲ့ အဆိုပါမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ မေးခွန်း(၁) အနေနဲ့ ဒီနေ့ မြို့ပေါင်း ၃၀၀ ကျော်ရှိနေတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၅ ခုတင်ဆံ့ဆေးရုံ ဘယ်နှစ်ရုံရှိပါသလဲ။ ခုတင်-၅၀ ဆံ့ဆေးရုံ ဘယ်နှစ်ရုံရှိပါသလဲ။ သိရှိလိုပါကြောင်း တင်ပြလိုပါတယ်။ မေးမြန်းလိုပါတယ်။ မေးခွန်း(၂) အနေနဲ့ ခုတင်-၅၀ အဆင့်မြို့နယ်များမှာ လက်ထောက်ဆရာဝန်များအတွက် ၄ ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ၂၅ ခုတင်ဆံ့မြို့နယ်များမှာ ၂ ခန်းတွဲဝန်ထမ်းအိမ်ရာ တစ်လုံးဆောက်လုပ်ပေးသင့်ကြောင်းနှင့် ဆောက်လုပ်ပေးရန် အစီအစဉ် လေးကိုသိရှိလိုပါတယ်။ မေးခွန်း (၃) အနေနဲ့ ဆောက်လုပ်ပေးမယ်ဆိုပါက ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ စီမံကိန်းနှစ်အလိုက် ရန်ပုံငွေကနေပြီးတော့ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ကလေးခရိုင် ခုတင် ၂၀၀ ဆေးရုံကြီးတွင် သမားတော်ကြီး (ဖျားနာ)၊ လ/ထ ဆရာဝန်(ဖျားနာ) ၂ ဦးနှင့် မျက်စိအထူးကုဆရာဝန်ကြီး၊ ဓာတ်မှန်ဆရာဝန်တစ်ဦး ထပ်မံခန့်ထားပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးမြို့နယ် ခုတင် ၂၀၀ ဆေးရုံကြီးမှာ လစ်လပ်နေတဲ့ ဆရာဝန်များအနက် မရှိမဖြစ် အထူးအရေးကြီးတဲ့ အထူးကု ဆရာဝန်ကြီးများ လစ်လပ်နေမှုကို အစားထိုးခန့်ထားပေးဖို့ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးမြို့နယ်ဟာ လူဦးရေ ၃၀၀၀၀၀ ကျော် နေထိုင်တဲ့ မြို့နယ်ဖြစ်ပါတယ်။ နိုင်ငံတော်အလိုက် ခုတင် ၂၀၀ ဆံ့ဆေးရုံကြီးကို ဖွင့်လှစ်ပေးထားပါတယ်။ ဒီဆေးရုံကြီးမှာ ကလေးမြို့နယ်က လူဦးရေ ၃၀၀၀၀၀ အပြင် ကလေးဝ၊ မင်းကင်း၊ တမူးမြို့နယ်များက ပြည်သူများရဲ့ အားထားရာလည်းဖြစ်ပါတယ်။ သို့သော်အခုအခါမှာ အခြားအရေးကြီးတဲ့ အထူးကု ဆရာဝန်ကြီးများရှိကြသော်လည်းပဲ အောက်ပါအထူးကုဆရာဝန်ကြီးများ လစ်လပ်နေတဲ့အတွက် အမြန်ဆုံးခန့်ထားပေးဖို့၊ အစားထိုးခန့်ထားပေးဖို့အတွက် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ မေးခွန်း

နံပါတ်(၁) က လစ်လပ်လျက်ရှိတဲ့ သမားတော်ကြီး(ဖျားနာ)နှင့် လက်ထောက်သမားတော် (ဖျားနာ) နှစ်ဦးကို ခန့်ထားပေးမယ့်အစီအစဉ်နဲ့ မည်သည့်ကာလတွင် ခန့်ထားပေးမယ်ဖြစ်ကြောင်း သိရှိလိုပါတယ်။ မေးခွန်းနံပါတ်(၂)အနေနဲ့ မျက်စိအထူးကုဆရာဝန်ကြီး (နေပြည်တော်မျက်ခမ်းစပ်) ကိုပြောင်းရွှေ့သွားတဲ့အတွက်ကြောင့်မို့လို့ မျက်စိဝေဒနာရှင်များအခက်အခဲတွေ့လေ့ရှိပါတယ်။ ဒါကြောင့် အမြန်ဆုံးခန့်ထားပေးနိုင်ရန် လိုလားနေကြပါတယ်။ ဘယ်အချိန်မှာ ခန့်ထားပေးမယ်ဖြစ်ကြောင်း သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၃) ဓာတ်မှန်ဆရာဝန်တစ်ဦးရှိသော်လည်းပဲ တာဝန်နှင့်ခရီးသွားခြင်း၊ သင်တန်းတက်ခြင်း၊ ခွင့်ခံစားခြင်းများရှိပါက ဓာတ်မှန်ဖတ်ရန် အခက်အခဲရှိတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုထိခိုက်မှာကို စိုးရိမ်နေကြပါတယ်။ သို့ဖြစ်ပါ၍ ဓာတ်မှန် ဆရာဝန်တစ်ဦး ထပ်မံခန့်ထားပေးရန် မြို့မိမြို့ဖများက တင်ပြမှုများရှိတဲ့အတွက်ကြောင့်မို့လို့ ဓာတ်မှန်ဆရာဝန်အသစ် ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ခန့်ထားပေးမည်ဆိုပါက မည်သည့် အချိန်မှာခန့်ထားပေးမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မျက်ချင်းနုကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းလိုတာက ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နောင်ချိုမြို့နယ် မျက်ချင်းနုအုပ်စုမှာ နောင်ဟော၊ မျက်ချင်းနု၊ ဇလုရင်၊ နမ့်စန်ဟူ၊ နမ့်ပန်တက်၊ ပန်လန်း၊ ရေလျှင်ကျေးရွာဆိုပြီး စုစုပေါင်း ကျေးရွာ ၇ ရွာဖြင့် ဖွဲ့စည်းထားပါတယ်။ ၂၅ ခုတင်ဆံ့ နောင်ချို ပြည်သူ့ဆေးရုံနှင့် ၅ မိုင်ခန့် ကွာဝေးပါတယ်။ အုပ်စုအိမ်ခြေ ၄၅၉၊ လူဦးရေပေါင်း ၂၉၁၅ ဦးရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးခြင်းဖြင့် မျက်ချင်းနုအုပ်စုတွင် သာမကဘဲ ကျန်ကျေးရွာများအတွက်ပါ နီးစပ်ရာကျေးရွာများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်မှာဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲကိုလည်း အဆောက်အဦကို သတ်မှတ်ချက် စံချိန်စံညွှန်းဖြင့် ဆောက်လုပ်ပြီးစီးထားပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် အထောက်အကူပြုသည့် မျက်ချင်းနုကျေးရွာအုပ်စုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု

ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဖွင့်လှစ်ပေး မည်ကိုသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သွားဘက်ဆိုင်ရာပစ္စည်းကိရိယာများအား ခေတ်မီပစ္စည်းများဖြင့် အစားထိုးဆောင်ရွက်ရန်နှင့် အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ၂၅ ခုတင် စံကိုက်ဖြစ်စေရေး လိုအပ်သောဆရာဝန်များ ဖြည့်ဆည်းပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့သက်ဆိုင်သောမေးခွန်းအား မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် အဆင့်ဆင့်သော သွားဘက်ဆိုင်ရာ ကျန်းမာရေး ဆေးခန်း၊ ဆေးရုံများရှိ သွားကျန်းမာရေးဆိုင်ရာ လူနာထိုင်ခုံများနှင့် သွားနှုတ်ကိရိယာအပါအဝင် သွားပြုပြင်ရေးဆိုင်ရာကိရိယာများဟာ ခေတ်နောက်ကျကျန်နေခြင်း၊ သွားနှုတ်ကိရိယာများ ပိုးမွှား သန့်စင်ခြင်းဆောင်ရွက်ထားမှု အားနည်းခြင်းများနှင့် အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီး၏ ၂၅ ခုတင် စံကိုက် လိုအပ်သောဆရာဝန်လိုအပ်ခြင်း၊ ခွဲစိတ်ခန်းတိုးချဲ့ပြုပြင်ရန် လိုအပ်ခြင်း၊ ခွဲစိတ်ကိရိယာ ဖြည့်ဆည်းရန်လိုအပ်ခြင်း၊ အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုထားသော လျှပ်စစ် ဝါယာကြိုးများ အသစ်လဲလှယ်ရန်လိုအပ်ခြင်း စတဲ့အထွေထွေလိုအပ်ချက်များနှင့် အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ဝန်ထမ်းများနေထိုင်သည့် အဆောက်အဦများ၏လိုအပ်ချက်များ ကြောင့် ကျွန်တော်မေးမြန်းတင်ပြလိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် အဆင့်ဆင့် သောသွားဘက်ဆိုင်ရာ၊ ကျန်းမာရေးဆေးခန်းများ၊ ဆေးရုံများရှိ သွားကျန်းမာရေးဆိုင်ရာလူနာထိုင်ခုံ များနှင့် သွားနှုတ်ခြင်း၊ သွားပြုပြင်ခြင်းဆိုင်ရာကိရိယာများအား နိုင်ငံတော်တစ်ဝှမ်း ခေတ်မီပစ္စည်း များဖြင့် အစားထိုးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် သွားနှုတ်ကိရိယာများ ပိုးမွှားသန့်စင်မှုဆောင် ရွက်နိုင်ရန် ပိုမိုစိတ်ချရတဲ့အဆင့်အထိ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ၂၅ ခုတင်စံကိုက်ဖြစ်စေရန် လိုအပ်သောဆရာဝန်ဖြည့်

စည်းပေးရန်အစီအစဉ်ရှိ/မရှိနှင့် အမရပူရမြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ဆေးရုံကြီး၏ အထွေထွေလိုအပ်ချက်များနှင့် ဝန်ထမ်းအိမ်ရာများအား မိုးမလုံခြင်းနှင့် အခြားလိုအပ်ချက်တို့အား ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ယင်းမာပင်မြို့နယ်ဆေးရုံအား ခရိုင်အဆင့်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖြစ်ပါတယ်။ ယင်းမာပင်မဲဆန္ဒနယ် ဦးသောင်းဟန်ရဲ့မေးခွန်း ကို ကိုယ်စားမေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ ယနေ့တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ စလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်နှင့် ကနီမြို့နယ်များကို စုစည်းပြီးတော့ ယင်းမာပင်ခရိုင်အဖြစ် သတ်မှတ်အတည်ပြုပြီးဖြစ်ပါတယ်။ ခရိုင်ရုံးစိုက်ရာ ယင်းမာပင်မြို့ဟာ လက်ရှိ ၂၅ ခုတင်ဆံ့ဆေးရုံ အဆင့်ပဲရှိပါတယ်။ ဆေးရုံဖွဲ့စည်းပုံပြည့်စုံစွာရှိပြီးတော့ ဝန်ထမ်းများနှင့်ဆေးရုံအုပ်တို့ရဲ့ ကြိုးစားမှု ကြောင့်လည်းကောင်း၊ အခမဲ့ကုသပေးနိုင်မှုကြောင့်လည်းကောင်း ပြည်သူများကအားကိုးလာကြ ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်းပဲ ပိုမိုပေးနိုင်တာတွေ့ရှိရပါတယ်။ ယင်းမာပင်မြို့ဟာ မုံရွာမြို့နှင့် မိုင် ၂၀ ခန့်သာကွာဝေးသော်လည်းပဲ ခရိုင်အဆင့်နှင့်လျော်ညီတဲ့ ဆေးရုံတစ်ရုံကို အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (သြဘာသံများ)

[ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်ကိုယ်စား ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် ၅ ဦးရဲ့ မေးမြန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက တစ်ဆက်တစ်စပ်တည်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တင်ပြပါမေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားမိမိမှ ပြန်လည်ဖြေကြားခွင့်ပြုနိုင်ပါရန် လေးစားစွာတင်ပါအပ်ပါတယ်။ ရှေးဦးစွာ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခုတင် ၅၀ ဆေးရုံ စုစုပေါင်း ၆၅ ရုံနှင့် ၂၅ ခုတင်ဆံ့ဆေးရုံ စုစုပေါင်း ၁၉၀ ရုံတို့အား ဖွင့်လှစ်ထားရှိခဲ့ပြီးဖြစ်ရာ စုစုပေါင်း ၂၅၅ ရုံရှိကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ တင်ပြပါ ခုတင် ၅၀ အဆင့်မြို့နယ်များတွင် လက်ထောက်ဆရာဝန်များအတွက် ၄ ခန်းတွဲ ဝန်ထမ်းအိမ်ရာ ၁ လုံး၊ ၂၅ ခုတင်အဆင့်မြို့ နယ်များတွင် ၂ ခန်းတွဲ ဝန်ထမ်းအိမ်ရာ ၁ လုံးဆောက်လုပ်ပေးနိုင်ရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်အလိုက် အဆိုပြုလျာထားပြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆက်လက်ပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒေါက်တာသန်းအောင် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ကလေးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန် (ဆေးပညာ) အထူးပြုဒေါက်တာကိုကိုလွင် တာဝန်ထမ်းဆောင်လျက်ရှိရာ ၂၀၁၃ ခုနှစ်နိုဝင်ဘာလအတွင်း တင်ပြပါ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ၁ ဦး (သို့မဟုတ်) လက်ထောက်ဆရာဝန် (ဆေးပညာ) ၁ ဦးအားခန့်အပ်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီးနှင့် မျက်စိကုဆရာဝန်အားလည်းတင်ပြပါ ၂၀၁၃ ခုနှစ်နိုဝင်ဘာလအတွင်း ခန့်အပ်တာဝန်ပေးရန် စီစဉ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တင်ပြပါ အထူးကုဆရာဝန်ကြီး(ခါတ်မှန်)ဆရာဝန်ဖြစ်သူ ဒေါက်တာဒေါ်ယဥ်ယဥ်ဦးဟာ ၁-၁-၂၀၀၉ ခုနှစ်မှစတင်၍ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ဓါတ်မှန်ဆရာဝန် ၁ ဦး ထပ်မံခန့်ထားရန်အတွက် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှာ ဆေးရုံအသစ်များဖွင့်လှစ်ခြင်း၊ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနအသစ်များဖွင့်လှစ်ခြင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်များဖွင့်လှစ်ခြင်းတို့ကို စီမံကိန်းနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် မျက်ချင်းနုကျေးရွာသည်ရွှေပြည်ညွန့်ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိသော ကျောက်တော်ကျေးလက်ကျန်းမာရေးဌာနခွဲ အပိုင်နယ်မြေအတွင်းရှိကျေးရွာဖြစ်ပါတယ်။ မျက်ချင်းနုကျေးရွာတွင် အိမ်ခြေ ၄၅၉ လုံး၊ လူဦးရေအားဖြင့်၂၉၁၅ ဦး ရှိရာ ရွှေပြည်ညွန့်ကျေးလက်ကျန်းမာရေးဌာခွဲနှင့် ၅ မိုင်ခန့်လည်းကောင်း၊ ကျောက်တော်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၃ မိုင်ခန့်လည်းကောင်း၊ ၂၅ ခုတင်ဆံ့ နောင်ချိုပြည်သူ့ဆေးရုံနှင့် ၅ မိုင်ခန့်လည်းကောင်းဝေးကွာကြောင်းသိရှိရပါတယ်။ သို့ဖြစ်ပါ၍ မျက်ချင်းနုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်နိုင်ရန်အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦလည်း ဆောက်လုပ်ပြီးဖြစ်ရာ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သွားနိုင်ရန် စီစဥ်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနများတွင် ခေတ်မမီတော့သော၊ ချို့ယွင်းပျက်စီးနေသော သွားဆေးကုခုံများကို အသစ်လဲလှယ်ရန် သို့မဟုတ် အသစ်ထုတ်ပေးရန် တင်ပြတောင်းခံပါက ထုတ်ပေးလျက် ရှိပါတယ်။ တင်ပြပါ အမရပူရမြို့နယ်အတွက် ကျန်းမာရေးဦးစီးဌာနမှ မန္တလေးတိုင်းကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံရန် ညွှန်ကြားချက် ၃၀-၉-၂၀၁၃ ရက်နေ့က ညွှန်ကြားပြီးဖြစ်ရာ တင်ပြစာရရှိတာနှင့်အမြန်ချက်ချင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီး အမရပူရမြို့နယ် မြို့နယ်ဆေးရုံရဲ့ ဖွဲ့စည်းပုံဟာ ခုတင် ၂၅ ဖွဲ့စည်းပုံအဟောင်းဖြစ်တဲ့အတွက် အရာထမ်း ၃ ဦး၊ အမှုထမ်း ၁၇ ဦးသာရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝန်နဲ့အားနဲ့မမျှအောင်ဆောင်

ရွက်နေရပါတယ်။ သို့အတွက်ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အမရပူရမြို့နယ် ဆေးရုံကို ခုတင် ၂၅ စံကိုက်ဖွဲ့စည်းပုံအဖြစ်တိုးချဲ့ဖွဲ့စည်းရန် ယခုဘဏ္ဍာနှစ်မှ ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံပြင်ဆင်ပြီးရင်တော့ အရာထမ်း ၆ နေရာ၊ အမှုထမ်း ၄၉ နေရာ၊ စုစုပေါင်း ၅၅ ဦး ခန့် ခန့်အပ်တာဝန်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ယခုလက်ရှိတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးအဖြစ် ဒေါက်တာအောင်နိုင်ဦးကလည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာတင်ကိုကိုစိုးက လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ခန့်ထားပြီးဖြစ်ကြောင်းတင်ပြပါတယ်။

အမရပူရမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးဝန်းအတွင်းရှိ ဆေးရုံ၏အထွေထွေလိုအပ်ချက်နှင့် ဝန်ထမ်းအိမ်ရာများ မိုးမလုံခြင်းနှင့် အခြားလိုအပ်ချက်များအား ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းမှုစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် အတွက် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှတစ်ဆင့် အကြီးစားပြုပြင်ရန်လိုအပ်ချက် များအား တွက်ချက်တင်ပြရန် အမရပူရမြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ ညွှန်ကြားထားပြီးဖြစ်ပါ တယ်။ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်တင်ပြလာပါက စိစစ်၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ဆက်လက်ပြီး စစ်ကိုင်း တိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနမှ ဆေးရုံသစ်များဖွင့်လှစ်ခြင်း၊ ဆေးရုံခုတင်အဆင့်တိုးမြှင့်ခြင်း၊ ကျေးလက်ကျန်းမာရေး ဌာနများအား တိုက်နယ်အဆင့်သို့တိုးမြှင့်ခြင်းနဲ့ ကျေးလက် ကျန်းမာရေးဌာနအသစ်များ ဖွင့်လှစ်ခြင်း တို့ကိုဘဏ္ဍာနှစ်အလိုက်စီမံကိန်းအရ သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်တို့၏ ဒေသဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်လျာထားချက်နှင့်လည်းကောင်း တင်ပြလာပါက ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးရှိ တင်ပြပါ ယင်းမာပင်မြို့နယ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံ ၁ ရုံ၊ ကာပိုင်တိုက်နယ်ဆေးရုံ ၁ ရုံ ဖွင့်လှစ်ထားရှိပါတယ်။ တင်ပြပါ ယင်းမာပင်မြို့နယ် ၂၅ ခုတင်ဆံ့ ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေမှာ ဆေးရုံအတွင်း အတွင်းလူနာသည် ၂၀၁၁ ခုနှစ်တွင် ၁၀၃၈ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၁၆၁၈ ဦး၊ ဆေးရုံပြင်ပလူနာဦးရေသည် ၂၀၁၁ ခုနှစ်တွင် လူနာဦးရေ ၄၇၁ ဦး၊ ၂၀၁၂ ခုနှစ်တွင်၁၄၀၈ ဦး၊ တစ်ရက်ပျမ်းမျှ ဆေးရုံတက်အတွင်းလူနာသည် ၂၀၁၁ ခုနှစ်တွင် ၁၂.၄၅ ဦးနဲ့ ၂၀၁၂ ခုနှစ်တွင် ၁၉.၇၆ ဦးရှိပါတယ်။ တစ်ရက်ပျမ်းမျှ ပြင်ပလူနာဦးရေသည် ၂၀၁၁

ခုနှစ်တွင် ၁.၄၉ဦးနှင့် ၂၀၁၂ ခုနှစ်တွင် ၅.၈၁ဦး ရှိကြောင်းတင်ပြပါတယ်။ ဆေးရုံခုတင် အသုံးပြု မှု ရာခိုင်နှုန်းသည် ၂၀၁၁ ခုနှစ်တွင် ၄၉.၈ ရာခိုင်နှုန်း နှင့် ၂၀၁၂ ခုနှစ်တွင် ၇၉.၀၄ ရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရှိရပါတယ်။ လူနာများဆေးရုံခုတင် အသုံးပြုမှုပေါင်းမှာ ၂၀၁၁ ခုနှစ်တွင် ၄၅၄၅ နှင့် ၂၀၁၂ ခုနှစ်တွင် ၇၂၁၄ ဦး ရှိကြောင်းတွေ့ရှိရ ပါသည်။

သို့ဖြစ်ပါ၍ တင်ပြပါ ယင်းမာပင်မြို့နယ်အား ခရိုင်မြို့နယ်အဖြစ်သတ်မှတ်ပြီးဖြစ်ရာ ၂၅ ခုတင်ဆေးရုံမှ ခုတင် ၅၀ အဆင့်သို့ တိုးမြှင့်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော သတင်းမီဒီယာဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီကအစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော သတင်းမီဒီယာဥပဒေကြမ်းကို ၃၀-၈-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ လေ့လာရေးအဖြစ်တက်ရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား သတင်းမီဒီယာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်မှ ပေးပို့လာသော သတင်းမီဒီယာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းအား တင်သွင်းရခြင်းမှာ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားအလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများပေါ်ပေါက်လာစေရန်အတွက် ရည်ရွယ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၆-၉-၂၀၁၃ ရက်နေ့တွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် သတင်းမီဒီယာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ဥပဒေခေါင်းစီး၊ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ (က) (ည)၊ ပုဒ်မ ၈ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ တို့အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း လက်ခံရန် သဘောတူခဲ့ကြပါသည်။

(ခ) အခန်း(၃) ပုဒ်မ ၆ ပုဒ်မခွဲ (က)အား မူလပြဋ္ဌာန်းချက်အပေါ်တွင် အစိုးရဌာန၊ အဖွဲ့အစည်း ဆိုသည့် စကားရပ်အား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများဟု ပြင်ဆင်ပါသည်။

(ဂ) အခန်း(၅) ပုဒ်မ ၁၁ ရှိ သက်ဆိုင်ရာဟူသည့်စကားရပ်မှာ မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဃ) အခန်း(၆) ပုဒ်မ ၁၂ အား ထည့်သွင်းရန် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

( င) ပုဒ်မ ၁၄ ပုဒ်မခွဲ(ခ) ရှိ ကောင်စီပုဂ္ဂိုလ်များ စကားရပ်အား ကောင်စီဝင်များ ဟု ပြင်ဆင်ပါသည်။

( စ) အခန်း(၇) ပုဒ်မ ၁၉ ပုဒ်မခွဲ (က) အား ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ ဟု ပြင်ဆင်၍၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)တို့ရှိ စေတနာအလျောက် ဆိုသည့် စကားရပ်သည် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဆ) ပုဒ်မ ၂၁ ကို ပုဒ်မ ၁၁ နှင့်အညီဖြစ်စေရန် မူလအတိုင်း ထားရှိပါသည်။

(ဇ) အခန်း(၁၀) ပုဒ်မ ၃၂ သည် ထည့်သွင်းရန်မလိုအပ်သောကြောင့် ပယ်ဖျက်ပါသည်။

(ဈ) အခန်း(၁၀) ပုဒ်မ ၃၃ ပုဒ်မခွဲ (ခ) အား ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုနိုင်သည် ဟုပြင်ဆင်ပါသည်။

(ည) ပုဒ်မ ၃၅ ပုဒ်မခွဲ (ခ) အား သက်တမ်းကုန်ဆုံးပြီး ဆက်လက်၍ လုပ်ငန်းလုပ်ကိုင်လိုပါက ဤဥပဒေအရ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်တမ်းတိုး၍ ဆက်လက်လုပ်ကိုင်ခွင့်ရှိသည် ဟုပြင်ဆင်ပါသည်။

၅။ သို့ဖြစ်ပါ၍ သတင်းမီဒီယာ ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြရန်ကျန်တဲ့အချက်ကို ဆက်လက်တင်ပြပါမယ်။ သတင်းမီဒီယာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၂၀-၁၀-၂၀၁၃ နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]